# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 3, 2024 Volume 80, Number 3

၃.၇.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၃၃ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၉.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၈.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၆.၂ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၃.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၇၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၄၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၁၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၀၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၁၁၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြိတ်ဒေသထွက်ကွမ်းသီး တင်ပို့မှုနှင့်ဈေးနှုန်းဈေးကွက်



တနင်္သာရီတိုင်းဒေသကြီးရှိ ခရိုင်များတွင် ရော်ဘာ၊ သီဟို၊ ကွမ်းသီးများ စိုက်ပျိုးထားလျက်ရှိပြီး ကွမ်းသီးမှာ ဈေးကွက်ပုံမှန်တည်ရှိလျက်ရှိပါသည်။ မြိတ်မြို့နယ်ရှိ ကျေးရွာများထဲမှ စန္ဒဝတ်၊ ပပြင်၊ အလယ်ချောင်း၊ ဒေါ၊ ကျောက်ဖြူ၊ မရမ်းပင်ချောင်း၊ သမုတ်၊ ပင်းအို၊ လော့လော့၊ နန်းတော်ရာ၊ တုန်းဗျော၊ မဇော၊ သကန်(ရွာဟောင်း)၊ မရင်း၊ တပ်တောင်စသည့်ကျေးရွာတို့တွင် ကွမ်းသီးအများဆုံးထွက်ရှိပြီး မြို့ပေါ်ရှိ အဝယ်ဒိုင်ကြီးများမှဝယ်ယူကာ ကွမ်းသီးခြောက်၊ ကွမ်းသီးခြမ်း၊ ကွမ်းသီးပုတ်များဖြင့် ရန်ကုန်၊ မန္တလေးသို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိရာ အခြားပြည်နယ်နှင့်မြို့များသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ ထို့ပြင် ၎င်းတို့မှတစ်ဆင့် ပြည်ပနိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဇွန်လ ၂၁ ရက်မှ ၂၇ ရက်အထိ မြိတ်ခရိုင်၏ ကွမ်းသီးတင်ပို့မှုသည် ၈၃၃,၅၀၀ ပိဿာခန့်ရှိပြီး တန်အားဖြင့် ၁၃၆၁ တန်ခန့်ရှိကြောင်း သိရသည်။ ကွမ်းသီးဈေးနှုန်းမှာ ယခုအပတ်တွင် တစ်ပိဿာလျှင် ၅၀၀၀ ကျပ်မှ ၅၆၀၀ ကျပ်ထိ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ကွမ်းသီးခြမ်းမှာ တစ်ပိဿာလျှင် ၄၀၀၀ ကျပ်ခန့်ဖြစ်နေကြောင်း ကွမ်းသီးလုပ်ငန်းရှင်ထံမှသိရသည်။

Source: https://www.doca.gov.mm

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက တီလားပီးယားပိဿာချိန် ၆၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက တီလားပီးယား ပိဿာချိန် ၆၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြ၍ သိရသည်။ ကျိုက်လတ်မြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းများသည် ဒေသထွက်ရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူကာ စနစ်တကျသန့်စင်ထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ်ဇွန်လအတွင်းက တီလားပီးယား ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ ၁ ရက်မှ ၃၀ ရက်ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အဓိကထား တင်ပို့ရောင်းချတာဖြစ်ပါတယ်။ ပြည်တွင်း ရန်ကုန်ဈေးကွက်က ဈေးကောင်းလဲရသလို တင်ပို့ရောင်းချရတာလဲ အစစအရာရာ လမ်းကြောင်းဖြောင့်ပါတယ်။ လက်ရှိလဲ တီလားပီးယားငါးတွေ ဝယ်လိုအားကောင်းနေပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်းက တီလားပီးယားငါး ပိဿာချိန် ၆၈,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အရင်လတွေလထက် တီလားပီးယားပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရတယ်။ ပိဿာချိန်များများ တင်ပို့ရောင်းချခဲ့ရတာကြောင့် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေနဲ့ကုန်သည်တွေပါ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိနေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးကပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် မွေးမြူသည့် တီလားပီးယားငါးနှင့် သဘာဝအတိုင်းဖမ်းဆီးရရှိသည့် တီလားပီးယားငါးများ ထွက်ရှိကြောင်း၊ အဆိုပါ တီလားဗီးယားငါးသက်တမ်းသည် နှစ်လနှင့် ၁၅ ရက် သို့မဟုတ် သုံးလခန့်မွေးမြူရကြောင်း၊ ကျိုက်လတ်မြို့နယ်မှရန်ကုန်ဈေးသို့ တင်ပို့ရောင်းချနေသည့် တီလားပီးယားငါး တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀ ထိ ဈေးပေါက်နေကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်လအတွင်း မြန်မာ-တရုတ်နှစ်နိုင်ငံကုန်သွယ်မှု ဒေါ်လာ ၁၃၆၂ သန်းကျော်ရှိပြီး တရုတ်ဘက်က သွင်းကုန်ဒေါ်လာသန်း ၈၀၀ ကျော်တင်သွင်း

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်လအတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု ဒေါ်လာ ၁၃၆၂ သန်းကျော်ရှိပြီး တရုတ်ဘက်က သွင်းကုန်ဒေါ်လာသန်း ၈၀၀ ကျော် တင်သွင်းထားကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီနှင့်မေ နှစ်လအတွင်း မြန်မာဘက်မှ ပို့ကုန်ဒေါ်လာ ၅၆၂ ဒသမ ၄၁၆ သန်း၊ သွင်းကုန် ဒေါ်လာ ၈၀၀ ဒသမ ၂၄၉ သန်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှုဒေါ်လာ ၁၃၆၂ ဒသမ ၆၆၅ သန်းရှိသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မြန်မာ-တရုတ်နှစ်နိုင်ငံကုန်သွယ်မှု ဒေါ်လာ ၈၁၈၃ သန်းကျော်ရှိပြီး ယခင်နှစ် ကာလတူထက် ဒေါ်လာတစ်ဘီလျံကျော် လျော့ကျခဲ့သည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာဘက်မှ ပို့ကုန်တန်ဖိုး ဒေါ်လာ ၃၁၅၇ ဒသမ ၁၀၆ သန်း၊ သွင်းကုန်တန်ဖိုး ဒေါ်လာ ၅၀၂၆ ဒသမ ၀၇၆ သန်းရှိသည်။

နှစ်အလိုက် မြန်မာ-တရုတ်နှစ်နိုင်ငံကုန်သွယ်မှု၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြန်မာဘက်မှ ပို့ကုန်တန်ဖိုး ၅၄၂၀ ဒသမ ၀၅၂ သန်း၊ တရုတ်ဘက်မှ သွင်းကုန်တန်ဖိုး ဒေါ်လာ ၆၇၂၉ ဒသမ ၁၇၄ သန်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှု ဒေါ်လာ ၁၂၁၄၉ ဒသမ ၂၂၆ သန်း ရရှိခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မြန်မာဘက်မှ ပို့ကုန်တန်ဖိုး ၅၁၇၉ ဒသမ ၇၃၃ သန်း၊ တရုတ်ဘက်မှ သွင်းကုန်တန်ဖိုး ဒေါ်လာ ၄၆၄၆ ဒသမ ၂၁၄ သန်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှု ဒေါ်လာ ၉၈၂၅ ဒသမ ၉၄၇ သန်း ရရှိခဲ့သည်။

၂၀၂၁-၂၀၂၂ – Mini Budget အတွင်း မြန်မာဘက်မှ ပို့ကုန်တန်ဖိုး၂၀၀၈ ဒသမ ၂၂၇ သန်း၊ တရုတ်ဘက်မှ သွင်းကုန်တန်ဖိုး ဒေါ်လာ ၂၂၉၇ ဒသမ ၆၁၅ သန်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှု ဒေါ်လာ ၄၃၀၅ ဒသမ ၈၄၃ သန်း ရရှိခဲ့သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြန်မာဘက်မှ ပို့ကုန်တန်ဖိုး ၃၈၃၃ ဒသမ ၃၉၇ သန်း၊ တရုတ်ဘက်မှ သွင်းကုန်တန်ဖိုး ဒေါ်လာ ၅၄၄၆ ဒသမ ၇၅၁ သန်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှု ဒေါ်လာ ၉၂၈၀ ဒသမ ၁၄၈ သန်း ရရှိခဲ့သည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မတ် ၃၁ ရက်အထိ ပို့ကုန်ဒေါ်လာ ၁၄,၆၁၈ ဒသမ ၄၅၉ သန်း၊ သွင်းကုန်တန်ဖိုး ဒေါ်လာ ၁၅,၄၇၂ ဒသမ ၇၆၄ သန်းရှိကာ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၀,၀၉၁ ဒသမ ၂၂၃ သန်း အထိ ရရှိခဲ့သည်။ ယင်းအနက် သွင်းကုန်တင်သွင်းမှုမှာ ပို့ကုန်တင်ပို့မှုထက် ဒေါ်လာ ၈၅၄ သန်းကျော် ပိုများနေ သဖြင့် ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၈၅၄ ဒသမ ၃၀၅ သန်း ဖြစ်ပေါ်ခဲ့သည်။

Source: https://news-eleven.com/

## မန္တလေးဈေးကွက်အတွင်း ပခုက္ကူဘက်မှထွက်ရှိသည့်အာလူးများ အရောင်းအဝယ်ကောင်းမွန်လာ

မန္တလေးဈေးကွက်အတွင်း ပခုက္ကူဘက်မှ ထွက်ရှိသည့်အာလူးများ အရောင်းအဝယ်ကောင်းမွန်လာကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍သိရသည်။

မန္တလေးဈေးကွက်အတွင်း ပခုက္ကူ ရေဦးနှင့်နောင်ချိုဘက်မှထွက်ရှိသည့် အာလူးများကို အများဆုံးအရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း၊ ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း ပခုက္ကူဘက်မှထွက်ရှိသည့် အာလူးများကို ကုန်သည်များက ဝယ်ယူမှုများလာသဖြင့် အရောင်းအဝယ်ကောင်းမွန်လာကြောင်းသိရသည်။

"အခု နောင်ချိုနဲ့ရေဦးဘက်ကထွက်တဲ့ အာလူးတွေ မန္တလေးဈေးကွက်အတွင်း လက်ကျန်တော်တော်လေးများနေတယ်။ ပခုက္ကူဘက်ကထွက်တဲ့ အရည်အသွေးကောင်းတဲ့ အာလူးတွေ မန္တလေးဈေးကွက်အတွင်းမှာ လက်ကျန်နည်းလာတဲ့အပြင် ဝယ်ယူမှုကလဲ များပြားလာတယ်" ဟု ဒေါ်မေသဲဆွေကပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ပခုက္ကူဘက်မှထွက်ရှိသည့် အာလူးဈေးနှုန်းမှာ ယနေ့တွင် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ခန့်ထိပေါက်ဈေးရှိကြောင်းသိရသည်။

"အခုလောလောဆယ်ကတော့ အာလူးဈေးကွက်က အရောင်းအဝယ်ပြန်ပြီးကောင်းလာတယ်။ နောက်ပိုင်းပြည်တွင်းကထွက်ရှိတဲ့အာလူးတွေ အရောင်းအဝယ်က ဒီထက်ပိုပြီး ကောင်းမွန်လာနိုင်ပါတယ်"ဟု အောင်ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍သိရသည်။

Source: **ရတနာပုံသတင်းစာ**

## ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မွေးမြူရေးအသားစားကြက်ပိဿာချိန် ၇၈,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မွေးမြူးရေးအသားစားကြက်ပိဿာချိန် ၇၈၀၀၀ ထိတင်ပို့ရောင်းချခဲ့ရကြောင်း ပန်းတနော်မြို့နယ် မွေးမြူရေးနှင့် ရေထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ချိုက ပြောပြ၍သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက မွေးမြူရေးအသားစားကြက် ပိဿာချိန် ၆၅၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ရန်ကုန်ဈေးကွက်သို့ မွေးမြူရေးအသားစားကြက်ပိဿာချိန် ၇၈၀၀၀ ထိတင်ပို့ရောင်းချခဲ့ရကြောင်းသိရသည်။ ဇွန်လတစ်လအတွင်း အသားစားကြက်ပိဿာချိန် ပိုမိုရောင်းချထားရသလို ဈေးကလဲကောင်းနေပါတယ်။ ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မွေးမြူရေးအသားစားကြက်တွေအပြင် အခြားရေထွက်ကုန်တွေကိုလဲ တင်ပို့ရောင်းချနေရပါတယ်။ မွေးမြူရေးအသားစားကြက်တွေ အရောင်းအဝယ်ကောင်းလာတာကြောင့် မွေးမြူတဲ့သူတွေကတော့ အဓိကအဆင်ပြေတာတွေ့ရပါတယ်"ဟု ပန်းတနော်မြို့နယ် မွေးမြူရေးနှင့်ရေထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ချိုကပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မွေးမြူရေး အသားစားကြက် ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၁၀၈,၀၀၀ ဈေးပေါက်နေကြောင်း၊ အဆိုပါ မွေးမြူရေးအသားစားကြက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့မှုရောင်းအား တက်လာသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ အသားစားကြက် အရောင်းအဝယ်ပြုလုပ်သူများ၊

ကုန်ကားပိုင်ရှင်များ အဆင်ပြေနေကြောင်း ၎င်းက ဆက်လက်ပြောပြ၍သိရသည်။

Source: **ရတနာပုံသတင်းစာ**

## ဗီယက်နမ်ကော်ဖီခြံစိုက်ခင်းများ အထွက်နှုန်းတိုးသော်လည်း Espresso ဈေးတက်ခြင်းမရပ်တန့်



ဗီယက်နမ်ကော်ဖီစိုက်ပျိုးသူများသည် ဆယ်စုနှစ်တစ်ခုနီးပါးအတွင်း အဆိုးရွားဆုံး မိုးခေါင်မှုကို ယခုနှစ်အတွင်း အဆိုးရွားဆုံး ကြုံတွေ့ခဲ့ရပြီး တချို့သော တောင်သူ လယ်သမားများသည် စိုက်ပျိုးနည်းစနစ်ကောင်း၍ အထွက်နှုန်း ကောင်းနေသော်လည်း ကမ္ဘာတစ်ဝန်းတွင် espressos ဈေးနှုန်းမြင့်တက်လာမည်ကို စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိသည်။ ကမ္ဘာ့ဒုတိယအကြီးဆုံး ကော်ဖီထုတ်လုပ်သည့် ဗီယက်နမ်တွင် လာမည့်ရာသီရိတ်သိမ်းမှုအတွက် ပြည်တွင်းခန့်မှန်းချက်မှာ ဆိုးရွားနေဆဲဖြစ်သည်။

မတ်လမှမေလဆန်းပိုင်းအတွင်း Central Highlands ကော်ဖီထွက်ရှိရာဒေသတွင် အပူရှိန်ကြောင့် အထွက်နှုန်း ၁၀-၁၆ ရာခိုင်နှုန်းကျဆင်းမည်ဟု ဗီယက်နမ် Mercantile Exchange (MXV) မှ လက်ထောက်အကြီးအကဲ Nguyen Ngoc Quynh က ပြောကြားခဲ့သည်။ သို့သော်လည်း မကြာသေးမီရက်သတ္တပတ်များအတွင်း မိုးပြန်လည်ရွာသွန်းမှုကြောင့် လယ်သမားများနှင့် တာဝန်ရှိသူများအကြား ယုံကြည်မှုများတိုးမြင့်လာကာ အလားအလာများ ပိုမိုကောင်းမွန်လာခဲ့သည်။ သို့သော် ကမ္ဘာ့ထိပ်တန်းကော်ဖီတင်ပို့နိုင်ငံဖြစ်သည့် ဗီယက်နမ်နိုင်ငံအနေဖြင့် မိုးပြန်လည်ရွာသွန်းမှုကြောင့် အထွက်နှုန်းတိုးမည်ကို အထောက်ကူပြုသော်လည်း Espressos နှင့် အသင့်စားကော်ဖီများတွင် အများဆုံးတွေ့ရသော robusta စေ့များ၏ ဈေးနှုန်းများကို ကျဆင်းစေရန် အထောက်အကူဖြစ်နိုင်/မဖြစ်နိုင်ဆိုသည်ကို ရှင်းရှင်းလင်းလင်းမသိရသေးပေ။

ဗီယက်နမ်နိုင်ငံ၏ ထိပ်တန်းကော်ဖီထွက်ရှိသော ပြည်နယ်များအနက်တစ်ခုဖြစ်သည့် Gia Lai တွင် ဟက်တာ ၅၀ ကျယ်ဝန်းသော ကော်ဖီစိုက်ခင်း၏ ကော်ဖီစိုက်ပျိုးသူလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် Nguyen Huu Long က "ကျွန်တော်တို့နိုင်ငံရဲ့ ကော်ဖီအထွက်နှုန်း ၁၀-၁၅ ရာခိုင်နှုန်း ကျဆင်းမည်ဟု မျှော်လင့်ထားပေမဲ့ ကျွန်တော့်စိုက်ခင်းတွေကတော့ အထွက်နှုန်းတိုးနေပါတယ်"ဟုပြောသည်။ ယင်း၏စိုက်ပျိုးနည်းမှာ အပူလှိုင်းကာလတွင် ၎င်း၏သစ်ပင်များကို ကာကွယ်ရန်အတွက် အပင်တစ်ဝိုက်ရှိမြေဆီလွှာကို အရွက်များဖုံးကာ စိုစွတ်နေစေခဲ့သည်။ မြေဆီလွှာအရည်အသွေးမြှင့်တင်ရန် နှစ်အနည်းငယ်အကြာတွင် သစ်ပင်ခုတ်ခြင်းဓလေ့ကို ဆန့်ကျင်သည့်နည်းဖြင့် ၎င်း၏ကော်ဖီပင်များကြီးထွားမှုကို ဆယ်စုနှစ်များစွာ ထိန်းသိမ်းထားသည်။ ရလဒ်အနေဖြင့် အပင်များသည် အမြစ်များပိုမိုနက်ရှိုင်းပြီး မြေအောက်ရေသိုက်များဆီသို့ ပိုမိုကျယ်ပြန့်စွာ ဝင်ရောက်နိုင်ကြသည်။

ကော်ဖီစိုက်တောင်သူတစ်ဦးဖြစ်သည့် Doan Van Thang က ၎င်း၏စိုက်ခင်းသည် အပင်ပတ်လည်ရှိ မြေဆီလွှာကိုလည်း ပျော့ပြောင်းစေပြီး မိုးရေနှင့်ဓာတ်မြေဩဇာများကို စုတ်ယူမှုပိုမိုတိုးတက်စေသည့်နည်းဖြင့် စိုက်ပျိုးသည်ဟုပြောသည်။ Gia Lai ၏မြို့တော် Pleiku လယ်သမား Tran Thi Huong က သူမသည် ပုံမှန်ထက် ရေကိုပိုမိုသုံးစွဲခဲ့သည့်နည်းဖြင့် စိုက်ပျိုးခဲ့ပြီး အပူလှိုင်းကျရောက်စဉ်ကာလအတွင်း၌ ဒေသအာဏာပိုင်များက တည်ဆောက်ထားသော တူးမြောင်းများမှတစ်ဆင့် လုံလောက်စွာ ရေသွင်းစိုက်ပျိုးနိုင်ခဲ့သည်ဟုပြောသည်။ ကော်ဖီချယ်ရီသီးများသည် ယခင်နှစ်များထက် သေးငယ်သော်လည်း အထွက်နှုန်းလျော့ဆင်းနိုင်ခြင်းမရှိဟု သူမမျှော်လင့်ထားသည်။ ပြင်းထန်သောရာသီဥတုကြောင့် ခါတိုင်းထက်များသော ပိုးကောင်များကိုလည်း ဇီဝပိုးသတ်ဆေးများသုံး၍ ကာကွယ်နိုင်ခဲ့သည်ဟု သူမကဆိုသည်။

အမေရိကန်စိုက်ပျိုးရေးဌာန (USDA) ၏ ခန့်မှန်းချက်အရ ဗီယက်နမ်၏ လာမည့်ရိတ်သိမ်းချိန်သည် လက်ရှိရာသီထွက်ရှိမှုထက် အကြမ်းဖျင်းတည်ငြိမ်မည်ဟု ခန့်မှန်းထားသည်။ ရိတ်သိမ်းမှုအပေါ် မည်သို့ပင် အကျိုးသက်ရောက်စေကာမူ ကမ္ဘာတစ်ဝန်းရှိ ကော်ဖီသောက်သုံးသူများအတွက် ကော်ဖီဈေးနှုန်းများ မြင့်တက်လာဖွယ်ရှိသည်။

ဗီယက်နမ်နိုင်ငံ ကော်ဖီလက်ကားဈေးနှင့် လန်ဒန်ကော်ဖီဈေးကွက်တွင် ရောင်းတန်းဝင် ကော်ဖီစေ့ robusta ဈေးနှုန်းသည် ဗီယက်နမ်၌ ရိတ်သိမ်းမှုနည်းပါးပြီးနောက် ယခုနှစ်အစောပိုင်းတွင် စံချိန်တင်မြင့်တက်ခဲ့ပြီး အကြောင်းရင်းမှာ မိုးခေါင်ရေရှားပြီးနောက် နိုင်ငံ၏နောက်ထပ်ရိတ်သိမ်းမှုအပေါ် စိုးရိမ်မှုများကြောင့်ဖြစ်ကြောင်း ကုန်သည်များနှင့် လေ့လာသုံးသပ်သူအများအပြားထံမှသိရသည်။ နောက်ဆုံးပေါ် Eurostat ဒေတာများအရ ဧပြီလတွင် ကော်ဖီဈေးနှုန်းဖောင်းပွမှုသည် နိုင်ငံ ၂၇ နိုင်ငံရှိ ဥရောပသမဂ္ဂတွင် ၁ ဒသမ ၆ ရာခိုင်နှုန်းခန့် မြင့်တက်သွားသဖြင့် စံချိန်တင်လက်ကားဈေးနှုန်းများသည် စားသုံးသူဈေးနှုန်းများအပေါ် အတိုင်းအတာတစ်ခုအထိ သက်ရောက်မှုရှိခဲ့သည်။

လာမည့် အောက်တိုဘာလ ရိတ်သိမ်းရာသီမတိုင်မီ မိုးမလုံလောက်ခြင်းကြောင့် အထွက်နှုန်းကျမည်ဆိုသော စိုးရိမ်ပူပန်မှုများသည် ဖြစ်နိုင်ချေလွန်စွာဝေးသေးသည်ဟု ဗီယက်နမ်အခြေစိုက်ကုန်သည်တစ်ဦးက ပြောဆိုသည်။

**Source: Reuters**

https://www.doca.gov.mm

## ဆန်ကွဲနှင့်ဆန်ဖြူကို ပို့ကုန်ခွန်တစ်ရပ်သတ်မှတ်၍ ပြန်လည်တင်ပို့ခွင့်ပြုရန် အိန္ဒိယဆန်တင်ပို့ရောင်းချသူများအသင်း (The Rice Exporters Association–TREA) မှ အိန္ဒိယအစိုးရထံ တိုက်တွန်း ပြောကြား

ဘာစမာတီမဟုတ်သောဆန်များကို ပိုမိုတင်ပို့နိုင်ရေး အဓိထားဆောင်ရွက်လျက်ရှိသော အိန္ဒိယဆန် တင်ပို့ရောင်းချသူများအသင်း (The Rice Exporters Association–TREA)မှ ဆန်ကွဲနှင့်ဆန်ဖြူကို ပို့ကုန်ခွန်တစ်ရပ်သတ်မှတ်၍ ပြန်လည်တင်ပို့ခွင့်ပြုရန် အိန္ဒိယအစိုးရထံ တိုက်တွန်းပြောကြားခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ဇွန်လ ၂၈ ရက်တွင် ဖော်ပြသည်။

အဆိုပါအိန္ဒိယစားနပ်ရိက္ခာဝန်ကြီး Pralhad Joshi ထံရေးသားပေးပို့ခဲ့သောစာ၌ ပေါင်းဆန်အပေါ် သတ်မှတ်ကောက်ခံလျက်ရှိသော တန်ဖိုးအလိုက်စည်းကြပ်ခွန်(ad-valorem)အစား ပုံသေခွန်(fixed duty)သတ်မှတ်ကောက်ခံပေးရန် TREA ဥက္ကဋ္ဌ BV Krishna Rao မှ တင်ပြခဲ့ကြောင်း သိရသည်။ ၎င်းတို့အသင်းသည် အိန္ဒိယနိုင်ငံ၏ ဘာစမာတီဆန်မဟုတ်သော ဆန်တင်ပို့သူစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းကို ကိုယ်စားပြုကြောင်း၊ အိန္ဒိယစားနပ်ရိက္ခာကော်ပိုရေးရှင်း(Food Corporation of India –FCI)သည် နိုင်ငံ့အရန်ဆန်အတွက် သတ်မှတ်ထားသည့်ပမာဏထက် ၄ ဆခန့်ကျော်လွန်၍ ဝယ်ယူထားရှိသည့်အတွက် ၎င်းအား ပမာဏလျှော့ချသတ်မှတ်ပေးရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ခြင်းဖြင့် Telangana, Chhattisgarh နှင့် Orissa စသည့် ဗဟိုထိန်းချုပ်မှုလျှော့ချ၍ ဝယ်ယူသောပြည်နယ်များအတွက် အသုံးပြုသည့်ထောက်ပံ့ကြေးများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အစိုးရသည် အဆိုပါပြည်နယ်များမှ ဆန်ကိုဝယ်ယူရာတွင် သတ်မှတ်ထားသော အနိမ့်ဆုံးထောက်ပံ့ဈေးနှုန်း(minimum support price–MSP)ထက် အပိုကြေးပေး၍ ဝယ်ယူနေရသောကြောင့် ဖြစ်သည်။

ထိုသို့ ဗဟိုအစိုးရအနေဖြင့် အရန်ဆန်ဝယ်ယူမှုနှင့်သိုလှောင်မှုကိုလျှော့ချပြီး ဆန်တင်ပို့မှုအပေါ် ပို့ကုန်ခွန် ကန်ဒေါ်လာ ၃၀ မှ ၁၂၀ အထိ သတ်မှတ်ကောက်ခံမည်ဆိုပါက တစ်ဖက်တစ်လမ်းက တိုင်းပြည်ဝင်ငွေရရှိနိုင်သလို ဈေးနှုန်းများတည်ငြိမ်ပြီး ငွေကြေးဖေါင်းပွမှုကိုလည်း ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း TREA က ပြောကြားခဲ့သည်။

ဗဟိုအစိုးရအနေဖြင့် ဆန်ဖြူနှင့်ဆန်ကွဲတင်ပို့မှု ပြန်လည်ဖွင့်လှစ်ပေးပြီး၊ ပို့ကုန်ခွန်သတ်မှတ်ကောက်ခံခြင်းကို ကာလတိုအတွက်သာ ဆောင်ရွက်မည့်နည်းလမ်းတစ်ရပ်ဟု စဉ်းစားနိုင်ဖွယ်ရှိသည်ဟု ၎င်းကပြောကြားခဲ့သည်။ အထက်၌ဖော်ပြခဲ့သည့်အတိုင်း အချို့ပြည်နယ်များ၌ စပါးကိုအပိုကြေးပေး၍ ဝယ်ယူသောအလေ့အထကြောင့် ယှဉ်ပြိုင်မှုပြင်းထန်သော ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးနှုန်းများ အဆမတန်ကြီးမြင့်လာမည့် အခြေအနေဖြစ်ပေါ်လာနိုင်သည့်အတွက် အစိုးရအနေဖြင့် ကာလရှည်တွင် ပို့ကုန်ခွန်ကောက်ခံခြင်းကို ဖယ်ရှားပေးသင့်ကြောင်း ၎င်းတို့အသင်းမှ အကြံပြုပြောကြားခဲ့သည်။

အိန္ဒိယပြည်နယ်အများအပြားတွင် MSP ထက် အပိုကြေးပေး၍ ဝယ်ယူလျက်ရှိသည့်စပါးများကို ကုန်သည်များထံ လေလံစနစ်ဖြင့် ရောင်းချပေးခြင်းအားဖြင့် အစိုးရအနေဖြင့် ဆန်သိုလှောင်ကြိတ်ခွဲစရိတ်များ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် FCI အနေဖြင့် ဆန်ကို လွတ်လပ်စွာရောင်းချပေးခြင်းအစီအစဉ်အရ လေလံစနစ်ဖြင့်ရောင်းချပေးမည်ဆိုပါက ပြည်တွင်း

ဆန်စျေးနှုန်းကို ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယအစိုးရ၏ဆန်ကို သင့်တင့်သောစျေးနှုန်းဖြင့် အများပြည်သူထံ ရောင်းချပေးမည့်အစီအစဉ်ဖြစ်သော Bharat Rice scheme ကိုလည်းရပ်တန့်ရန် အဆိုပါအသင်းမှ တောင်းဆိုထားသည်။ အဆိုပါအစီအစဉ်သည် ပြည်တွင်းဆန်စျေးနှုန်း ထိန်းချုပ်ရန်နှင့် ပြည်သူများသင့်တင့်သောစျေးနှုန်းဖြင့် ဆန်ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်သော်လည်း မျှော်လင့်ထားသလောက် မအောင်မြင်ဘဲ နောက်ဆုံးတွင် FCI ဆန်ဂိုထောင်များထံသို့ ဆန်များပြန်လည်ရောက်ရှိလာသည့်အတွက်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ပြည်ပနေအိန္ဒိယလူမျိုးများ စားသုံးလေ့ရှိသော Sona Masuri ကဲ့သို့ တစ်စိတ်တစ်ပိုင်း ချက်ပြုတ်ထားသော ဆန်(steamed rice)ကို ပေါင်းဆန်ကဲ့သို့ပင် တန်းတူသတ်မှတ်ကာ တင်ပို့ရောင်းချခွင့်ပြုသင့်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အဆိုပါဆန်အမျိုးအစားကို တစ်နှစ်လျှင် တန်ချိန် ၀ ဒသမ ၄ သန်းသာ တင်ပို့ရောင်းချသည့်အတွက်ဖြစ်ကြောင်း TREA က တိုက်တွန်းပြောကြားခဲ့သည်။

သို့ပါ၍ အိန္ဒိယဆန်ကုန်သည်များအနေဖြင့် ဗဟိုအစိုးရ၏ ဆန်ကွဲနှင့်ဆန်ဖြူတင်ပို့မှုအပေါ် ပုံသေခွန်တစ်ရပ်သတ်မှတ်၍ ပြန်လည်တင်ပို့ ခွင့်ပြုကိစ္စအပြင် အစိုးရ၏ဆန်ဝယ်ယူမှု၊ သိုလှောင်ရောင်းချမှုဆိုင်ရာ မူဝါဒနှင့်ဆောင်ရွက်ချက်များအပေါ် ဝေဖန်ထောက်ပြ၍ အကြံပြုတင်ပြထားပါသည်။

**ရည်ညွှန်း။ The Hindu Businessline, Indian exporters body seeks fixed duty on white and broken rice than ban, June 28, 2024**

**(ကောင်းထွဋ်နွေအောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (2.7.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 2nd Jul. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 18,478 (Shares) | 65,503,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | -100 | -1.11% | 8,900 | 9,000 | 8,900 | 1,265 | 11,263,500 | 33,109,694 | 294,676 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,300 | 3,350 | 3,300 | 12,889 | 42,993,600 | 38,929,150 | 130,413 |
| MCB | 00003 | 8,200 | -200 | -2.38% | 8,300 | 8,300 | 8,200 | 153 | 1,264,900 | 10,400,986 | 85,288 |
| FPB | 00004 | 1,700 | -50 | -2.86% | 1,700 | 1,750 | 1,700 | 2,227 | 3,786,400 | 29,664,613 | 50,430 |
| TMH | 00005 | 2,750 | -100 | -3.51% | 2,850 | 2,850 | 2,750 | 323 | 891,150 | 12,823,224 | 35,264 |
| EFR | 00006 | 1,900 | +0 | +0.00% | 1,850 | 1,900 | 1,850 | 395 | 744,550 | 19,977,223 | 37,957 |
| AMATA | 00007 | 4,700 | -100 | -2.08% | 4,700 | 4,700 | 4,700 | 59 | 277,300 | 10,497,598 | 49,339 |
| MAEX | 00008 | 3,750 | +350 | +10.29% | 3,450 | 3,750 | 3,450 | 1,167 | 4,282,450 | 23,804,946 | 89,269 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 2nd Jul. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 409.63 | -0.46 | -0.11% | 406.06 | 410.57 | 406.06 | 18,478 | 65,503,850 | 8 | 772,636 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:30 pm, 3rd Jul. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 21,884 (Shares) | 62,932,450 (MMK) |

| MYANPIX | 407.34 ▼ 2.29 |
|---|---|
| Total Volume (shares) | 21,884 |
| Total Value (MMK) | 63 mil |
| Listed Company | 8 |
| Market Cap. (MMK) | 768,326 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▼ 100 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 1,850 | ▼ 50 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 3,750 | ▲ 0 |